轻浮,轻佻: အလွန် ~ သည့်လူ 非常轻佻的人 / ~ တတဖြစ်သည်။ 有些轻浮。⑥长出(疮、疙瘩等),凸出: ပြွတ် ~ သည်။ 起疙瘩。⑦旧病复发,发病: အနာ ~ သည်။ 恶疮复发。/ အရူးရောဂါ ~ သည်။ 疯病又犯了(或发病)。⑧(罕)病愈 **III** ပ၊ <hta'> (古)用于动词和 သော 之间,无特殊意义

**ထကားရားထိုင်ကားရား** ကဝ၊ <hta' ka: ya: htain ka: ya:> 举止不庄重,仪态不雅观

**ထကြွ** က၊ <hta' kywa'> ①由静而动;发生,起(风、浪等): လှိုင်းလုံးကြီးတွေ ~ နေချိန် 浪大的时候 / ရောဂါ ~ သည်။ 病情发作。②活跃;猖獗: ထိုအက်ဆစ်မျိုးသည်အ ~ ဆုံးအက်ဆစ်တမျိုးဖြစ်သည်။ 那种酸是最活泼的一种酸。/ သူခိုးဓမြ ~ သည့်အရပ် 盗贼猖獗的地方

**ထကြွလုံ့လ** န၊ <hta' kywa' lon' la'> 勤劳,勤奋

**ထဆင်ထူး** န၊ <hta' hsin du:> 缅文字母 ထ 的名称

**ထညင်းကွင်း** န၊ <ht-nyin: gwin:> ①拉耙用的皮套圈,也写做 ထွန်ညင်းကွင်း ②爬棕榈树时两脚上的绳套

**ထညှပ်** န၊ <ht-hnyat/d-hnyat> = ကင်ညှပ်

**ထထကြွကြွ** ကဝ၊ <hta' da' kywa' gywa'> ①活跃,活泼: ထိုအချိန်မှစ၍ ~ လှုပ်ရှားကာအသက်ဝင်လာလေသည်။ 从那时起才活跃起来显得有了生气。②勤快 ③骚乱,不宁静

**ထနောင်း** န၊ <ht-naun:>【植】①白皮合金欢 Acacia Leucophloea (White-Barked Acacia) 有: ~ ဆူးမြူး ~ နက် 等种 ②苏马儿茶 Acacia suma Kurz

**ထနောင်းမှို** န၊ <ht-naun: hmo> 长于合金欢树根的蘑菇

**ထဘီ** န၊ <ht-mein/ht-mi> (缅甸女性穿用的)筒裙

**ထဘီခါးချပ်** က၊ <ht-mein kha: khyat> ①跟 ထဘီရင်ရှား 相对而言,把筒裙穿至腰部 ②(喻)女性积极地(干某事): ရှင်ကရှေ့မှာကြိုးစားသာလုပ်ပါ၊ ကျမလဲ ~ လိုက်ပီးလုပ်မယ်။ 你尽管在前面努力地干吧;我也一定积极地跟着去做。

**ထဘီခါးတင်ထိုး** က၊ <ht-mein kha: tin hto:> = ထဘီခါးချပ်

**ထဘီချုံ** နဝ၊ <ht-mein gyon> ①色情的,放纵的 ②使用邪法巫术的

**ထဘီနားခိုစား** က၊ <ht-mein na: kho sa:> (喻)靠老婆过活(指懒汉或无能者)

**ထဘီပေါက်** က၊ <ht-mein paut> 来月经

**ထဘီဖြစ်** က၊ <ht-mein phyit> 来月经

**ထဘီရင်ကွဲ** န၊ <ht-mein yin gwe:> (不缝合即穿用的)古式女筒裙

**ထဘီရင်ရှား** က၊ <ht-mein yin sha:> (缅甸女性)不着上衣将筒裙穿至胸部: ~ ထားသည်။ / ~ ဝတ်သည်။ 将筒裙穿至胸部。

**ထဘီဝတ်** န၊ <ht-mein wut>【植】长满叶鞘时的棕榈树(参见 ထန်း 条)

**ထဘီအနားခတ်** န၊ <ht-mein a-na: khat> 女演员踢起筒裙底边儿的一种舞蹈动作

**ထမနဲ** န၊ <ht-m-ne:> = ထမင်းနဲ

**ထမီ** န၊ <ht-mein/ht-mi> = ထဘီ

**ထမင့်သခင်** န၊ <ht-min' th-khin> 周济过自己的人;使自己得以维持生计的人

**ထမင်း** န၊ <ht-min:> 饭: ~ တပွဲမှာလိုက်သည်။ (在饭馆)叫了一份饭。/ ~ ခူးသည်။ 盛饭。/ ~ တနပ် 一顿饭 / ~ တလုတ် 一口饭 / ~ တအိုးချက် 煮一锅饭的功夫

**ထမင်းကျောက်** န၊ <ht-min: kyaut>【医】与疹子相似的一种病

**ထမင်းကျည်တောက်** န၊ <ht-min: kyi daut> 用青竹筒焖的饭

**ထမင်းကျန်** န၊ <ht-min: gyan> 剩饭

**ထမင်းကြော်** န၊ <ht-min: gyaw> 炒饭

**ထမင်းခူး** က၊ <ht-min: khu:> ①盛饭 ②摆饭菜

**ထမင်းခဲ** န၊ <ht-min: ge:> 饭团;饭块

**ထမင်းချိုး** န၊ <ht-min: gyo:> 锅巴

**ထမင်းချက်** **I** က၊ <ht-min: khyet> 做饭 **II** န၊ <ht-min: gyet> 厨师

**ထမင်းချိုင့်** န၊ <ht-min: gyain'> 提盒

**ထမင်းချဉ်** န၊ <ht-min: gyin> ①酸饭(缅甸人把发酵了的饭压成块作鱼饵用) ②(与肉、西红柿等混在一起的)菜饭

**ထမင်းချမ်း** န၊ <ht-min: gyan:> (上顿剩的)冷饭

**ထမင်းခြောက်** န၊ <ht-min: gyaut> 饭干(晒干的饭,当干粮用)

**ထမင်းစားကျွန်ခံ** န၊ <ht-min: za: kyun gan> 不拿工钱光吃主人饭的奴仆

**ထမင်းစားခန်း** န၊ <ht-min: sa: gan:> 食堂,餐厅,餐室

**ထမင်းစားဆောင်** န၊ <ht-min: sa: zaun> 饭厅

**ထမင်းစားဇွန်း** န၊ <ht-min: sa: zun:> 汤匙 = စားပွဲဇွန်း

**ထမင်းစားပွဲ** န၊ <ht-min: sa: bwe:> ① 宴会 ② <ht-min: z-bwe:> 饭桌,餐桌

**ထမင်းစားရေသောက်** န၊ <ht-min: za: yei dhaut> ①一般日常用语: အင်္ဂလိပ်လို ~ လောက်ပဲပြောတတ်တယ်။ 只会讲一点英语日常生活用语。②对某一学科略知一二 ③易如反掌的事,习以为常的事: ကျင့်သားမရသေးလို့ပါ၊ တော်တော်ကြာ ~ ဖြစ်သွားပါလိမ့်မယ်။ 因为你还不习惯,过些时候就会习以为常的。

**ထမင်းစားရုံ** န၊ <ht-min: sa: yon> 饭厅

**ထမင်းဆာ** က၊ <ht-min: hsa> 饿

**ထမင်းဆိယစ်** က၊ <ht-min: zi yit> 食困,饭后昏昏欲睡

**ထမင်းဆင့်** က၊ <ht-min: hsin'> 派饭